# သတင်းရေးသားခြင်းနှင့်တည်းဖြတ်ခြင်းတို့နှင့် စပ်လျဉ်း၍အတွေ့အကြုံမျှဝေခြင်း

ဒေါက်တာအောင်ကျော်မိုး

Technical Assistant to Union Minister,

ဒုတိယညွှန်ကြားရေးမှူး (ပြည်ထောင်စုဝန်ကြီးရုံး)

- ထုတ်ပြန်မည့်သတင်းရွေးချယ်ခြင်းနှင့် အရေးကြီးမှုအတိုင်းအတာ
- သတင်းအမျိုးအစား၊ရည်ရွယ်ချက်၊မီဒီယာအမျိုးအစား
- ဦးတည် ပရိတ်သတ်


# သတင်းခေါင်းစဉ်

- နိဒါန်း/ သတင်းပထမအပိုဒ်

- ပါဝင်ရမည့် အကြောင်းအရာများ
  - ➢ ဘာအကြောင်းအရာ၊
  - ➢ ဘယ်နေရာ၊
  - ➢ ဘယ်သူတွေ၊
  - ➢ ဘယ်အချိန်၊
  - ➢ ဘာကြောင့်၊
  - ➢ ဘယ်လိုလဲ

- အကြောင်းအရာ အစီအစဉ် (ရှေ့၊လယ်၊နောက်)
- စကားလုံးအသုံးအနှုန်း၊သတင်းရေးသားမှုပုံစံ
- သတင်း အတို၊ အရှည်ပမာဏ

- သဒ္ဒါနှင့် သတ်ပုံ



ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာစာအဖွဲ့ဦးစီးဌာန

မြန်မာစာအဖွဲ့
၁၃၄၈

**မြန်မာစာလုံးပေါင်းသတ်ပုံကျမ်း**

- မူဝါဒနှင့် ထိရှလွယ်သော အကြောင်းအရာများ

# သတင်းလတ်ဆတ်မှု

- သတင်းအရင်းအမြစ်
- နောက်ခံအကြောင်းအရာ

# သတင်းဓာတ်ပုံ

- တည်းဖြတ်ခြင်းနှင့် သတင်းအတည်ပြုခြင်း
- တာဝန်ရှိမှုနှင့် တာဝန်ခံမှု
- ဟန်ချက်ညီစုပေါင်းဆောင်ရွက်မှု

**Food and Drug Administration, Myanmar**
3 hrs ·

[Zawgyi]
(၂၄-၉-၂၀၁၈)ရက်နေ့ တနင်္လာ နေ့ မနက်
၁၀နာရီအချိန်တွင်ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊အစားအသောက်နှင့်ဆေး
ဝါးကွပ်ကဲရေးဦးစီးဌာန အပန်းဖြေခန်းမတွင် Mobile Laboratory Van Training
ဓာတ်ခွဲခန်းယာဉ်များအသုံးပြုခြင်းသင်တန်းအား ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ
သင်တန်းအားညွှန်ကြားရေးမှူးချုပ်ပါမောက္ခ
ဒေါက်တာခင်ဇော်တက်ရောက်၍အဖွင့်အမှာစကားပြောကြားခဲ့ပြီး
ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများ နှင့်တာဝန်ရှိသူများ
တက်ရောက်ခဲ့ကြပါသည်။ယခုတက်ရောက်သင်ကြားသော
သင်တန်းသူသင်တန်းများအား နိုင်ငံတကာမှဓာတ်ခွဲပညာရှင်များ
မှလေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက
အရည်အချင်းပြည့်မီသူများအား
အသိအမှတ်ပြုအောင်လက်မှတ်များချီးမြှင့်သွားမည်ဖြစ်သည်။

**Food and Drug Administration, Myanmar**

September 22 at 4:28 PM ·

[Zawgyi]

(၂၂-၉-၂၀၁၈)ရက်နေ့ စနေနေ့ နေ့လည်
၁နာရီတွင်ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့်လုပ်ငန်းရှင်များအသင်းတို့မှပူးပေါင်း၍ ဆေးဝါးနှင့်ဆေးပစ္စည်းများဆိုင်ရာများအားရှင်းလင်းဟောပြောပွဲအား UMFCCI ရုံးချုပ်မင်္ဂလာခန်းမတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ အစည်းအဝေးသို့ညွှန်ကြားရေးမှူးချုပ်ပါမောက္ခ ဒေါက်တာခင်ဇော်၊ညွှန်ကြားရေးမှူး(ဆေးဝါး)၊ဆေးပစ္စည်းဌာနခွဲမှ တာဝန်ရှိသူများနှင့်ဆေးဝါးနှင့် ဆေးပစ္စည်းတင်သွင်းသူများ၊လုပ်ငန်းရှင်များ နှင့်ဖိတ်ကြားထားသူများ
တက်ရောက်ခဲ့ကြပြီး ဆေးဝါးနှင့်ဆေးပစ္စည်းဆိုင်ရာ
လုပ်ထုံးလုပ်နည်းများအားရှင်းလင်းခြင်း၊ လုပ်ငန်းမြန်ဆန်စေရန်အတွက်
ဆွေးနွေးခြင်း၊ ဖိတ်ကြားထားသူများမှအကြံပြုမေးမြန်းချက်များအား
ပြန်လည်ဖြေကြားခြင်း ညှိနှိုင်းဆွေးနွေးခြင်းများပြုလုပ်ခဲ့ကြပါသည်။

Liked ▾ Following ▾ Share ···

**Department of Medical Services - ကုသရေးဦးစီးဌာန**

September 22 at 12:34 PM ·

တိုင်းဒေသကြီးအဆင့်၊ နလုံးရောဂါဆိုင်ရာ အရေးပေါ်အန္တရာယ်ရှိသောအဆင့်
အချိန်မီလူနာလွှဲပြောင်းနိုင်ရေး စီမံခန့်ခွဲမှုသင်တန်း (ဒုတိယအသုတ်) ............
ရန်ကုန်မြို့ ၊ စက်တင်ဘာလ(၂၂)၊ ၂၀၁၈
(၂၂.၉.၂၀၁၈)ရက်နေ့တွင် ရန်ကုန်ဆေးရုံကြီးရှိ Leacture theatre ၌
တိုင်းဒေသကြီးအဆင့် နလုံးရောဂါဆိုင်ရာ အရေးပေါ်အန္တရာယ်ရှိသောအဆင့်
အချိန်မီလူနာလွှဲပြောင်းနိုင်ရေး စီမံခန့်ခွဲမှု သင်တန်း(ဒုတိယအသုတ်) ကို ကျင်းပခဲ့ရာ
ရန်ကုန်တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနမှူးမှ အဖွင့် အမှာစကားပြောကြားခဲ့ပြီး
သက်ဆိုင်ရာအထူးကုဆရာဝန်များမှ
ရန်ကုန်တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနလက်အောက်ရှိ
မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးများ၊ တိုက်နယ်ဆရာဝန်များနှင့်
လက်ထောက်ဆရာဝန်များကို သင်တန်းပို့ချခဲ့ပါသည်။

**Department of Medical Services - ကုသရေးဦးစီးဌာန**

September 14 at 10:11 AM ·

Township Level Basic Infection Prevention Control Training များ ကျင်းပပြုလုပ်ခြင်း

နေပြည်တော်၊ ၂၀၁၈-ခုနှစ်၊ စက်တင်ဘာလ (၁၃)ရက်

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ADB တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် GMS Health Security Project ၏ Activity တစ်ခုဖြစ်သော Township Level Basic Infection Prevention Control Training များကို စီမံချက်မြို့နယ်များဖြစ်သည့် ဘားအံမြို့၊ မြဝတီမြို့၊ မော်လမြိုင်မြို့၊ ရေးမြို့၊ ထားဝယ်မြို့၊ ကော့သောင်းမြို့၊ လွိုင်ကော်မြို့၊ မယ်စဲ့မြို့၊ ကိုင်းတုံမြို့၊ တာချီလိတ်မြို့၊ လားရှိုးမြို့နှင့် မူဆယ်မြို့များရှိ ပြည်သူ့ဆေးရုံများ၌ ၂၀၁၈-ခုနှစ်၊ ဩဂုတ်လနှင့် စက်တင်ဘာလ များအတွင်း ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ သင်တန်းများဆောင်ရွက်ရန်အတွက် ဆရာဖြစ်သင်တန်းကို ၂၀၁၈-ခုနှစ်၊ ဇူလိုင်လ (၁၆)ရက်နှင့် (၁၇)ရက်တို့၌ ရန်ကုန်မြို့၊ Summit Parkview Hotel ၌ ကျင်းပပြုလုပ်ခဲ့ပြီး စီမံချက်မြို့နယ်များရှိ ပြည်သူ့ဆေးရုံများမှ ဆရာဝန်/သူနာပြုများ၊ တိုင်းဒေသကြီး/ပြည်နယ်ကုသရေးဦးစီးဌာနမှ ကိုယ်စားလှယ်များ သင်တန်းတက်ရောက်ခဲ့ပြီး အဆိုပါ သင်တန်းသားများမှ မြို့နယ်အဆင့် ဆင့်ပွားသင်တန်းများ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

**Department of Medical Services - ကုသရေးဦးစီးဌာန**

September 17 at 9:49 AM ·

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဆောင်သောအဖွဲ့ ပဲခူးတိုင်းဒေသကြီး၊ မြို့နယ်ပြည်သူ့ဆေးရုံ၊ ဖြူးမြို့သို့ ကွင်းဆင်းကြည့်ရှု

နေပြည်တော်

စက်တင်ဘာ (၁၅) ရက်

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် (ကုသရေး)၊ ဒေါက်တာသီတာလု ဦးဆောင်၍ ဒေါက်တာ ကျော်စိုးမင်း၊ ညွှန်ကြားရေးမှူး (ဝယ်ယူဖြန့်ဖြူးရေး)၊ ဒေါက်တာ ဧောနန္ဒီ၊ ဒုတိယညွှန်ကြားရေးမှူး (ကုသရေး)၊ဒေါက်တာဝင်းထက်၊ လက်ထောက်ညွှန်ကြားရေးမှူး(ဝယ်ယူဖြန့်ဖြူးရေး)၊ ဒေါက်တာ ခင်ဝါလှိုင် လက်ထောက်ညွှန်ကြား ရေးမှူး (စီမံခန့်ခွဲရေး)၊ ဒေါ်အစ်ဘန်တောင်၊ ဒုတိယညွှန်ကြားရေးမှူး (သူနာပြု)၊ ဒေါ်ချို့နွယ်နွယ်ဝင်း၊ ဌာနခွဲစာရေးကြီး (ဘဏ္ဍာရေး) တို့ပါဝင်သောအဖွဲ့ သည် (၁၅-၁၁-၂၀၁၈) ရက်နေ့ နေ့လယ် (၁၂:၀၀) နာရီအချိန်တွင် ပဲခူးတိုင်းဒေသကြီး၊ မြို့နယ် ပြည်သူ့ဆေးရုံ၊ ဖြူးမြို့ သို့ သွားရောက်ခဲ့ပြီး ဆေးရုံအုပ်၊ ဘာသာရပ်ဆိုင်ရာ၊ အထူးကု ဆရာဝန်များ၊ လက်ထောက်ဆရာဝန်များ၊ သူနာပြုများ၊ ဆေးရုံရှိ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေ၊ ဆေးရုံ၏ စီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များ၊ ဆေးနှင့် ဆေးပစ္စည်းလိုအပ်ချက်များ အပါအဝင် တွေ့ကြုံရသည့် အခက်အခဲများ၊ လိုအပ်ချက်များကို

(ဝယ်ယူဖြန့်ဖြူးရေး)၊ ဒေါက်တာ ဧောနန္ဒီ၊ ဒုတိယညွှန်ကြားရေးမှူး (ကုသရေး)၊ဒေါက်တာဝင်းထက်၊ လက်ထောက်ညွှန်ကြားရေးမှူး(ဝယ်ယူဖြန့်ဖြူးရေး)၊ ဒေါက်တာ ခင်ဝါလှိုင် လက်ထောက်ညွှန်ကြား ရေးမှူး (စီမံခန့်ခွဲရေး)၊ ဒေါ်အစ်ဘန်တောင်၊ ဒုတိယညွှန်ကြားရေးမှူး (သူနာပြု)၊ ဒေါ်ချို့နွယ်နွယ်ဝင်း၊ ဌာနခွဲစာရေးကြီး (ဘဏ္ဍာရေး) တို့ပါဝင်သောအဖွဲ့ သည် (၁၅-၁၁-၂၀၁၈) ရက်နေ့ နေ့လယ် (၁၂:၀၀) နာရီအချိန်တွင် ပဲခူးတိုင်းဒေသကြီး၊ မြို့နယ် ပြည်သူ့ဆေးရုံ၊ ဖြူးမြို့ သို့ သွားရောက်ခဲ့ပြီး ဆေးရုံအုပ်၊ ဘာသာရပ်ဆိုင်ရာ၊ အထူးကု ဆရာဝန်များ၊ လက်ထောက်ဆရာဝန်များ၊ သူနာပြုများ၊ ဆေးရုံရှိ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေ၊ ဆေးရုံ၏ စီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များ၊ ဆေးနှင့် ဆေးပစ္စည်းလိုအပ်ချက်များ အပါအဝင် တွေ့ကြုံရသည့် အခက်အခဲများ၊ လိုအပ်ချက်များကို
မေးမြန်းဆွေးနွေးတိုင်ပင်ခဲ့ကြပါသည်။ ယင်းနောက် ဆေးရုံဝန်ထမ်းများနှင့် အဖွဲ့ဝင်များဖွဲ့ ကာ တွေ့ကြုံရသည့် အခက်အခဲများကို ရှင်းနီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပါသည်။ ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ် နှင့်အဖွဲ့ သည် ဆေးရုံအတွင်းရှိ ပြင်ပလူနာဌာနနှင့် ဆေးကုသဆောင်များ၊ အဆောက်အဦသစ်ဆောက်လုပ်ရန် ဖျာထားထားသော မြေနေရာ၊ ဆေးရုံဝန်ထမ်း အိမ်ယာဆောက်လုပ်နေမှုများသို့ လှည့်လည်ကြည့်ရှုကာ တာဝန်ကျဝန်ထမ်းများ၊ လူနာများ၊ လူနာစောင့်များနှင့် လူနာများ ဆေးကုသမှုခံယူနေသည့် အခြေအနေများကို ရင်းနီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပြီး ညနေ (၄.၃၀) နာရီအချိန်တွင် နေပြည်တော်သို့ ပြန်လည်ထွက်ခွာလာခဲ့ပါသည်။

# တိုင်းရင်းဆေးတက္ကသိုလ်တွင် TRAINING ON TRADITIONAL CHINESE MEDICINE AND ACUPUNCTURE THERAPY တရုတ် တိုင်းရင်းဆေး ပညာနှင့် အပ်စိုက်ကုပညာဆရာဖြစ် မွမ်းမံသင်တန်း အမှတ်စဉ် (၂)ကို ဖွင့်လှစ်

၂၀၁၈ ခုနှစ် စက်တင်ဘာလ ၁၇ ရက်နေ့၌ တိုင်းရင်းဆေးတက္ကသိုလ်တွင် Training on Traditional Chinese Medicine and Acupuncture Therapy တရုတ် တိုင်းရင်းဆေး ပညာနှင့် အပ်စိုက်ကုပညာဆရာဖြစ် မွမ်းမံသင်တန်း အမှတ်စဉ် (၂)ကို ဖွင့်လှစ်ခဲ့ပါသည်။ အခမ်းအနားကို တိုင်းရင်းဆေးပညာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးကျော်သိန်းဌေး မှအဖွင့်အမှာစကားပြောကြားပြီး ဖွင့်လှစ်ခဲ့ပါသည်။

အဆိုပါ တိုင်းရင်းဆေးတက္ကသိုလ်တွင် Dr.wei အပြင် ယူနန်တိုင်းရင်းဆေးတက္ကသိုလ်မှ ၁၆-၉-၂၀၁၈ ရက်နေ့တွင် ရောက်ရှိလာသော Mrs. Yang Mei, Professor in diagnostics of traditional Chinese medicine department နှင့် Mr. Li Zhihong, Lecturer in Massage department တို့မှ (၁၀)ရက် ကြာ သင်တန်းကို ထပ်မံ ပေးသွားမည်ဖြစ်ပါသည်။







## ဆောင်ရွက်ချက်များ

၁၉/၂၀၁၈
တိုင်းရင်းဆေးဝါးမှတ်ပုံတင်(အသစ်)ခွင့်ပြုစာရင်းအာ

၁၈/၂၀၁၈တိုင်းရင်းဆေးဝါးမှတ်ပုံတင်(အသစ်)ခွင့်ပြု

ရန်ကုန်တိုင်းဒေသကြီးသို့တိုင်းရင်းဆေးဝါးမှတ်ပုံတင
နှင့် ထုတ်လုပ်ခွင့်လိုင်စင်ကတ်ပြားများ